# "အများပြည်သူသို့ အသိပေးကြေညာချက်" [1]

Posted on 01 October 2018

**"အများပြည်သူသို့ အသိပေးကြေညာချက်"**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ နှင့်အညီ ဖွဲ့စည်း မှတ်ပုံတင်ထားသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ အနက် အများပြည်သူသို့ အစုရှယ်ယာ ရောင်းချခွင့်ရှိသော ကုမ္ပဏီ ၅၅ ခု စာရင်းအား ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၈ ၇က်နေ့ ကြေးမုံသတင်းစာတွင် လည်းကောင်း၊ ထပ်မံ၍ ခွင့်ပြုခဲ့သော ကုမ္ပဏီ ၄ ခု စာရင်းအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ ကြေးမုံသတင်းစာတွင်လည်းကောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အောက်ပါကုမ္ပဏီနှစ်ခုသည် အများပြည်သူသို့ အစုရှယ်ယာ ရောင်းချခွင့်ရှိကြောင်း ထပ်မံ အသိပေး ကြေညာအပ်ပါသည်-

| စဉ် | ကုမ္ပဏီအမည် | မှတ်ပုံတင်အမှတ် |
|---|---|---|
| 1. | အမတ ဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်<br><br>AMATA HOLDING PUBLIC COMPANY LIMITED | 100456125 |
| 2. | တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်<br><br>TMH TELECOM PUBLIC COMPANY LIMITED | 183629719 |

၃။ ယခုကြေညာချက် အပါအဝင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီ ၆၁ ခု မှလွဲ၍ ကျန်မည်သည့် စီးပွားရေးလုပ်ငန်းမျှ အများပြည်သူသို့ အစုရှယ်ယာ ရောင်းချခွင့် မရှိပါကြောင်းနှင့် အများပြည်သူသို့ အစုရှယ်ယာရောင်းချရန် ထပ်မံခွင့်ပြုသော ကုမ္ပဏီများရှိလာပါက ၎င်းကုမ္ပဏီများ၏ စာရင်းကို ဆက်လက်အသိပေး ထုတ်ပြန်ပေးမည်ဖြစ်ပါကြောင်း သိရှိနိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative